CCPR Centre for Civil and Political Rights

# ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီတွင် အခြားနိုင်ငံများက မြန်မာနိုင်ငံအကြောင်း မည်သည့်အရာများ ပြောဆိုနေကြသည် - တွေ့ရှိချက် အနှစ်ချုပ်

## **၁။ နောက်ခံအကြောင်းအရာ**

မြန်မာနိုင်ငံအတွင်းရှိ အကြပ်အတည်းသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် အာဏာသိမ်းလိုက်ပြီးကတည်းက ပို၍ ဆိုးရွားလာခဲ့ပြီး လူ့အခွင့်အရေးများ - အထူးသဖြင့် မြန်မာနိုင်ငံရှိ ပြည်သူလူထုများ၏ လူ့အခွင့်အရေးများ - အားကာကွယ်ရန်အတွက် နိုင်ငံတကာ လူမှုအသိုင်းအဝိုင်းမှ အရေးယူဆောင်ရွက်ချက်များ ပြတ်ပြတ်သားသားလုပ်ဆောင်ရန် ပို၍ အရေးကြီးလာသည်။ သက်ဆိုင်ရာ ကုလသမဂ္ဂရပ်ဝန်းများအား လေ့လာစောင့်ကြည့်ပြီး အဖွဲ့ဝင်နိုင်ငံများ၏ အရေးယူဆောင်ရွက်မှု သို့မဟုတ် မဆောင်ရွက်မှုတို့၏ နောက်ကွယ်မှ နိုင်ငံရေးဆွေးနွေးချက်များအား နားလည်သဘောပေါက်ခြင်းသည် ဆက်စပ်သက်ဆိုင်သူများအနေဖြင့် ထိရောက်သောနှင့် ပြတ်သားသောအရေးယူဆောင်ရွက်ချက်များ ဖြစ်ပေါ်လာရေးကို ပိုမိုစည်းရုံးညှိနှိုင်းလှုံ့ဆော်နိုင်ရန် အထောက်အကူဖြစ်စေနိုင်ပါသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ကောင်စီ၏အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများအကြားမှ နိုင်ငံရေးအခင်းအကျင်းကြောင့် တုပ်တုပ်မလှုပ်ပဲရှိနေပြီး၊ လူ့အခွင့်အရေးကောင်စီ (HRC) အတွင်း အဖွဲ့ဝင်နိုင်ငံများအကြားဆွေးနွေးချက်သည် မြန်မာ စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်းချက်ချင်း ၂၉ ကြိမ်မြောက်အထူးအစည်းအဝေးပွဲကတည်းကစတင်၍ ဆွေးနွေးချက်များရှိနေခဲ့ပြီးဖြစ်ကာ၊ မြန်မာနိုင်ငံအကြောင်းသည်လည်း ထိုအချိန်ကတည်းမှစ၍ ပုံမှန်အစည်းအဝေးတိုင်းတွင် ထည့်သွင်းဆွေးနွေးလျက်ရှိသဖြင့် နိုင်ငံတကာမှစောင့်ကြည့်နေသည့်မျက်လုံးများသည် လူ့အခွင့်အရေးကောင်စီ (HRC) ပေါ်သို့ သက်ရောက်နေပါသည်။

ထို့ကြောင့် နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးအတွက် စင်တာ (CCPR) အနေဖြင့် လူ့အခွင့်အရေးကောင်စီအတွင်း မြန်မာနိုင်ငံအကြောင်းကို မည်သည့်နိုင်ငံများက မည်သို့ပြောဆိုလျက်ရှိကြောင်း ခြုံငုံ၍ စိတ်ဖြာသုံးသပ်ချက်ပေးအပ်ခြင်းမှတစ်ဆင့် ဆက်စပ်သက်ဆိုင်သူများအနေဖြင့် စည်းရုံးရေးနည်းဗျူဟာများရှာဖွေဖော်ထုတ်နိုင်အောင်နှင့်၊ လူ့အခွင့်အရေးကောင်စီ၏ဆွေးနွေးချက်များနှင့် ဆုံးဖြတ်ချက်များအား ပိုမို ရယူလက်လှမ်းမှီနိုင်ပြီး ပိုမိုသိရှိရလွယ်ကူအောင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ပါသည်။

## **၂။ နည်းနိဿယ**

လူ့အခွင့်အရေးကောင်စီတွင် နိုင်ငံများမှ ထုတ်ပြန်ခဲ့သည့် ကြေညာချက်သည် ဘာသာစကား၊ ရေးသားပုံ အမျိုးမျိုးတို့ဖြင့် အမြောက်အများရှိသည်ဖြစ်သဖြင့် ၎င်းတို့အားစိတ်ဖြာသုံးသပ်ရန်အတွက် ခြုံငုံဆင်ခြင်နည်း (inductive method) ကို ဦးတည်ထား ဖော်ဆောင်ခဲ့ပါသည်။ အတိုချုပ်ဆိုရလျှင် နိုင်ငံများ၏ ထုတ်ပြန်ကြေညာချက်များတွင် ရှုတ်ချထားမှုများ နှင့် စိုးရိမ်ကြောင်းဖော်ပြထားမှုများ၏ အဆင့် အမျိုးမျိုးတို့အတွက် အမျိုးအစားများခွဲခြားသတ်မှတ်လိုက်ပြီး၊ နိုင်ငံတစ်ခုချင်းစီအတွက် ထုတ်ပြန်ကြေညာချက်များအားလုံးတို့ကို ပေါင်း၍ ယင်းနိုင်ငံ၏ နှစ်လိုမှု (tendency) နှင့် ယေဘုယျ အကြောင်းအရာလားရာသဏ္ဌာန် (trends) များကို တွက်ချက်ခဲ့သည်။ ဖော်ပြလာသည့်အဓိက ပြဿနာအကြောင်းအရာ များကို ခြုံငုံဆင်ခြင်၍ ဖော်ထုတ်ခဲ့ပြီး ကုဒ်စနစ်သတ်မှတ်ကာ၊ ယင်းပြဿနာကို ၂၉ ကြိမ်မြောက်အထူး အစည်းအဝေးပြီးနောက်ပိုင်း ထည့်သွင်းထုတ်ပြန်ခဲ့သည့် အကြိမ်အရေအတွက်သည် ယင်းနိုင်ငံအနေဖြင့် ယင်းပြဿနာကို မည်မျှအထိ အသားပေးလိုကြောင်း ထောက်ပြပေးသည်။ အရေးယူရန်တိုက်တွန်းချက် (calls for actions) များအတွက်မူ အားလုံးခြုံငုံ၍ကြည့်လျှင် တွေ့ရသော အကြောင်းအရာလားရာ သဏ္ဌာန် နှင့် အသားပေးမှုတို့ကို ဖော်ပြရန်အတွက် နိုင်ငံများ၏ တိုက်တွန်းချက်များကို မှတ်တမ်းယူပြီး၊ စုစည်းသုံးသပ်ခဲ့ပါသည်။ တိုက်တွန်းချက်အမျိုးအစားများ၊ တိုက်တွန်းသူများကိုလည်း ခြုံငုံဖော်ထုတ်ခဲ့ပြီး ကုဒ်စနစ်ဖြင့်မှတ်သားခဲ့ကာ တိုက်တွန်းချက်များတွင် မည်သည့်အရေးယူဆောင်ရွက်ချက်များကို အများဆုံး တိုက်တွန်းလေ့ရှိကြောင်း၊ မည်သည့်အရေးယူဆောင်ရွက်ချက်များကိုမူ တိုက်တွန်းလေ့မရှိကြောင်းနှင့် တိုက်တွန်းချက်များကို မည်သူ့အတွက်ရည်ညွှန်းဦးတည်ကြောင်းတို့ကိုလည်း အကြိမ်အရေအတွက်ဖြင့်ဖော်ပြပေးထားသည်။

အချက်အလက်စုဆောင်းမှုနှင့် စိတ်ဖြာသုံးသပ်မှုသည် လူ့အခွင့်အရေးကောင်စီ၏ အိတ်စထရာနက်ကွန်ယက်ပေါ်တွင် တင်ပြထားသည့် - လူ့အခွင့်အရေးကောင်စီ၏ ၂၉ ကြိမ်မြောက် အထူးအစည်းအဝေးတွင် ထုတ်ပြန်ခဲ့သော နိုင်ငံတကာထုတ်ပြန်ကြေညာချက်များ၊ ၄၆ ကြိမ်မှသည် ၅၁ ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီ ပုံမှန်အစည်းအဝေးများအတွင်း မြန်မာနိုင်ငံအကြောင်း အပြန်အလှန်ဆွေးနွေးချက်များ (Interactive Dialogues – ID)၊ ခုံဖွဲ့ဆွေးနွေးချက်များ (Panel Discussions – PD) စသည် - တို့အပေါ်တွင် အသားပေး၍ စုဆောင်း၊ စိတ်ဖြာထားခြင်းဖြစ်ကြောင်း သတိပြုရန်ဖြစ်သည်။

အင်္ဂလိပ်ဘာသာစကားဖြင့်မဟုတ်ပဲ အခြားဘာသာစကားဖြင့် တင်ပြခဲ့သည့် ထုတ်ပြန်ကြေညာချက်များကို ဘာသာပြန်ကိရိယာသုံး၍ အင်္ဂလိပ်ဘာသာသို့ အဓိပ္ပာယ်ပြန်ဆိုခဲ့သည်။ မြန်မာနိုင်ငံ၏ ထုတ်ပြန်ချက်ကိုမူ ဤ စိတ်ဖြာသုံးသပ်ချက်အစီရင်ခံစာတွင် ထည့်သွင်းမဖော်ပြထားပါ။ ကျွန်ုပ်တို့အနေဖြင့် နိုင်ငံ တစ်ခုချင်းစီ၏ အမူအကျင့်တို့ကို မီးမောင်းထိုးပြရန် ရည်ရွယ်သဖြင့် ဒေသတွင်း အစုအဖွဲ့များ သို့မ

ဟုတ် နိုင်ငံအစုအဖွဲ့များ တို့မှ ထုတ်ပြန်ခဲ့သည့် ကြေညာချက်များကိုလည်း ထည့်သွင်း၍မဖော်ပြထားပါ။ နည်းနိသယနှင့်စပ်လျဉ်း၍ နောက်ထပ်သတင်းအချက်အလက်များအတွက် ဤတွင် ကြည့်ပါ။

## **၃။ အဓိက တွေ့ရှိချက်များ**

### အထွေထွေ ခြုံငုံဖော်ပြချက်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ မြန်မာစစ်တပ်အာဏာသိမ်းပြီးကတည်းက ကျင်းပခဲ့သည့် လူ့အခွင့်အရေးကောင်စီအစည်းအဝေးများတွင် နိုင်ငံတကာမှ တင်ပြခဲ့သည့် ထုတ်ပြန်ကြေညာချက်များအား စိတ်ဖြာသုံးသပ်ချက်မှတစ်ဆင့် ယေဘုယျ လားရာသဏ္ဍာန်အချို့တို့ကို အောက်ပါအတိုင်း ထင်ဟပ်ဖော်ပြနိုင်သည် :

- ရုရှားဖယ်ဒရေးရှင်းပြည်ထောင်စု၊ တရုတ် နှင့် ဗင်နီဇွဲလား နိုင်ငံများသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်စသည့် လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် သဘောတရားများအား တစ်ဖက်လှည့်ဖြင့်အသုံးပြုပြီး၊ ကုလသမဂ္ဂအဖွဲ့ချုပ်၏ တရားဝင်မှုကို ယုတ်လျော့စေကာ မြန်မာစစ်တပ်အာဏာသိမ်းမှုကိုအခိုင်အမာထောက်ခံပြီး၊ တရားဝင်အသိအမှတ်ပြုသည်။ အထူးသဖြင့် ရုရှားဖယ်ဒရေးရှင်းပြည်ထောင်စုက - မြန်မာနိုင်ငံအတွင်းရှိ အခြေအနေသည် နိုင်ငံရေးပြဿနာသာဖြစ်ပြီး လူ့အခွင့်အရေးပြဿနာအဖြစ်မသတ်မှတ်သင့်ကြောင်း[1] - ဖော်ပြခဲ့သည်။ မြန်မာနိုင်ငံဆိုင်ရာ အထူးအစီရင်ခံပုဂ္ဂိုလ်သည် ကုလသမဂ္ဂကိုယ်စားလှယ်ဟူသည့်အမည်ဖြင့် နိုင်ငံရေးနွယ်သော အကျိုးစီးပွားရှိကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ အခြေအနေနှင့်ပတ်သက်၍ တစ်ဖက်လှည့်သဘောဖြင့် တရုတ်နိုင်ငံက[2] ဆိုထားသည်။ ဗင်နီဇွဲလားနိုင်ငံကမူ လူ့အခွင့်အရေးကောင်စီ၏ ကြိုးပမ်းဆောင်ရွက်ချက်များမှာ ထိရောက်မှုမရှိကြောင်းနှင့်၊ မြန်မာပြည်သူလူထု၏ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်အခွင့်အရေးကိုချိုးဖောက်နေပြီး၊ နိုင်ငံတစ်ရပ်၏ အချုပ်အခြာအာဏာနှင့် ပြည်တွင်းရေးအပေါ်ဝင်ရောက်မစွက်ဖက်ခွင့် အခြေခံမှုကိုလည်း မလေးစားရာရောက်ကြောင်း[3] ဖော်ပြထားသည်။
- ဘီလာရုစ်နိုင်ငံ သည် မြန်မာနိုင်ငံအတွက် သီးသန့် လုပ်ပိုင်ခွင့်ရပုဂ္ဂိုလ်/အဖွဲ့ (mandate) ဖန်တီးခြင်းအပေါ် အစဉ်တစိုက် ကြားကန်နေခဲ့ပြီး၊ မြန်မာနိုင်ငံအတွက် သီးသန့်လုပ်ပိုင်ခွင့်ရ ပုဂ္ဂိုလ်/

---

[1] ၄၆ ကြိမ်မြောက် အစည်းအဝေး၊ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံ ပုဂ္ဂိုလ်နှင့် အပြန်အလှန်ဆွေးနွေးချက်၊ မတ်လ ၂၀၂၁ ခုနှစ်။

[2] ၄၉ ကြိမ်မြောက် အစည်းအဝေး၊ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံ ပုဂ္ဂိုလ်နှင့် အပြန်အလှန်ဆွေးနွေးချက်၊ မတ်လ ၂၀၂၂ ခုနှစ်။

[3] ၄၉ ကြိမ်မြောက် အစည်းအဝေး၊ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံ ပုဂ္ဂိုလ်နှင့် အပြန်အလှန်ဆွေးနွေးချက်၊ မတ်လ ၂၀၂၂ ခုနှစ်။

အဖွဲ့များထံမှ နိုင်ငံတော်အဆင့်တွင် တိုးတက်မှုရှိသော ပြောင်းလဲမှုများဖြစ်ပေါ်စေရန် အကျိုးပြုသည့် ဥပမာကောင်းဟူ၍ မရှိခဲ့ကြောင်း ဆိုထားသည်။[4]

- ဩစတြေးလျနိုင်ငံ၊ ဗြိတိန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့သည် မြန်မာစစ်တပ်၏ တရားဥပဒေလက်လွတ်သတ်ဖြတ်မှုများ၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် စီတန်းလှည့်လည်ခွင့်တို့အပေါ် တားမြစ်ကန့်သတ်မှုများ တို့အတွက် အပြစ်တင်ခဲ့ပြီး၊ မြန်မာပြည်သူလူထုအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဖိနှိပ်မှုများအတွက် တာဝန်ခံရန် တိုက်တွန်းထားသည်။ ဥပမာအားဖြင့်- ဗြိတိန်နိုင်ငံသည် မြန်မာစစ်တပ်မှကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ခံမှုရှိစေရန် ပိတ်ဆို့မှုများ တစ်စိုက်မတ်မတ် ဆက်လက် ချမှတ်ခဲ့ပြီး မြန်မာ နိုင်ငံအနေဖြင့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးယန္တရားနှင့် အခြား နိုင်ငံတကာ တရားမျှတမှု ယန္တရားများနှင့် ပူးပေါင်းဆောင်ရွက်ရန် ဖိအားပေးခဲ့သည်။[5]
- အစ္စလာမ်မစ်နိုင်ငံများပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) ၏ အဖွဲ့ဝင်များသည် ရိုဟင်ဂျာလူမျိုးများအပေါ် သတ်ဖြတ်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအား အခိုင်အမာထောက်ပြခဲ့သော်လည်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် စီတန်းလှည့်လည်ခွင့်၊ စစ်တပ်မှ ပြည်သူလူထုများအပေါ်ကျူးလွန်သည့် မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းမှု နှင့် အကြမ်းဖက်မှု စသည်တို့အပါအဝင် အခြားပြဿနာရပ်များအပေါ်တွင်မူ အသံတိတ်နေခဲ့သည်။
- အာဆီယံ နိုင်ငံများသည် များသောအားဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာအပေါ် အကြောင်းပြပြီး မြန်မာစစ်တပ်မှကျူးလွန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် ရှုတ်ချရန်သို့မဟုတ် စိုးရိမ်ကြောင်းပြသရန်ပင် တွန့်ဆုတ်လျက်ရှိပြီး၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ ဘုံသဘောတူညီချက် ၅ ရပ် အား လေးစားလိုက်နာရန်နှင့် အကောင်အထည်ဖော်ရန်ကိုသာ တိုက်တွန်းလျက်ရှိသည်။ အာဆီယံနိုင်ငံအများစုတို့၏ ထုတ်ပြန်ကြေညာချက်များသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများ မည်သို့ပေးအပ်ထားပြီးဖြစ်ကြောင်းအပေါ်ကိုသာ အသားပေးဖော်ပြနေပြီး မြန်မာစစ်တပ်အား တာဝန်ခံမှုရှိစေရန်နှင့် လူ့အခွင့်အရေးလိုက်နာရန် တာဝန်ရှိမှုများအားလိုက်နာရန်အပေါ်ကိုမူ အသံတိတ်လျက်ရှိသည်။
- "အမျိုးသမီးနှင့် ကလေးသူငယ်များ" နှင့် အထူးသဖြင့် "ရိုဟင် ဂျာလူမျိုးများနှင့် အခြားတိုင်းရင်းသားလူနည်းစုများ" စသည့် ထိရှလွယ်သည့် အုပ်စုအချို့တို့အကြား မတူညီသောအခြေအ

[4] ၅၀ ကြိမ်မြောက် အစည်းအဝေး၊ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံ ပုဂ္ဂိုလ်နှင့် အပြန်အလှန်ဆွေးနွေးချက်၊ ဇွန်လ ၂၀၂၂ ခုနှစ်။

[5] ၄၈ ကြိမ်မြောက် အစည်းအဝေး၊ မြန်မာနိုင်ငံ အတွက် အထူး စုံစမ်းစစ်ဆေးရေးယန္တရားအဖွဲ့နှင့် အပြန်အလှန် ဆွေးနွေးချက်၊ စက်တင်ဘာလ ၂၀၂၂ ခုနှစ်။

နေရပ်များနှင့် လိုအပ်ချက်များအား ဖြေရှင်းရန်အတွက် မတူညီစွာ၊ ကွဲပြားစွာထိခိုက်မှုများကို ရှင်းရှင်းလင်းလင်းဖော်ပြရန်လိုအပ်သည့်အနေအထားမျိုးတွင်ပင် ယေဘုယျအားဖြင့် နိုင်ငံများသည် ယင်းမတူညီသည့်အုပ်စုများ၏ ထိခိုက်မှုများအကြောင်းကို စုပေါင်း၍ဖော်ပြလေ့ရှိသည်။

## ရှုတ်ချမှုများနှင့် စိုးရိမ်မှုများ

- ဗြိတိန်နိုင်ငံသည် ရှုတ်ချမှုများနှင့် စိုးရိမ်မှုများ အမြင့်ဆုံးပြသသည့်နိုင်ငံဖြစ်သည်။ လေ့လာခဲ့သည့် လူ့အခွင့်အရေးအစည်းအဝေး ခုနှစ်ရပ်တို့တွင် ဗြိတိန်နိုင်ငံသည် စုစုပေါင်း ထုတ်ပြန်ကြေညာချက် ၁၃ စောင် ကြေညာခဲ့ပြီး ၎င်းတို့အနက် ၁၂ ခုတို့မှာ မြန်မာစစ်တပ်အနေဖြင့် ၎င်းတို့၏ တရားမဝင်အာဏာသိမ်းမှု၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများအား တိတိကျကျရည်ညွှန်း၍ စိုးရိမ်ကြောင်းနှင့် ရှုတ်ချကြောင်းဖော်ပြထားမှုများဖြစ်သည်။ ဗြိတိန်နိုင်ငံပြီးနောက် ဩစတြေးလျနိုင်ငံသည် ထုတ်ပြန်ကြေညာချက် ၁၃ စောင်ထုတ်ပြန်ခဲ့ပြီး ၎င်းတို့အနက် ၈ စောင်မှာ စိုးရိမ်ကြောင်းနှင့် ရှုတ်ချကြောင်း တိတိကျကျဖော်ပြထားမှုများပါဝင်သည်။ တူရကီနိုင်ငံမှလည်း ကြေညာချက် ၁၀ စောင်ထုတ်ပြန်ပြီး ၈ စောင်မှာ စိုးရိမ်ကြောင်းနှင့် ရှုတ်ချကြောင်း တိတိကျကျ ဖော်ပြထားမှုများပါဝင်သည်။ ပြင်သစ်နိုင်ငံမှလည်း ထုတ်ပြန်ကြေညာချက် ၁၄ စောင်ထုတ်ပြန်ပြီး ၅ စောင်တွင် စိုးရိမ်ကြောင်းနှင့် ရှုတ်ချကြောင်း တိတိကျကျဖော်ပြထားမှုများပါဝင်သည်။
- အာရှတွင် တောင်ကိုးရီးယားနိုင်ငံမှ ထုတ်ပြန်ကြေညာချက် အများဆုံးဖြစ်ပြီး ကြေညာချက် ၇ စောင် အနက် ၄ စောင်တွင် စိုးရိမ်းကြောင်းနှင့် ရှုတ်ချကြောင်း တိတိကျကျ ဖော်ပြထာမှုများပါဝင်သည်။ မလေးရှားနိုင်ငံမှ ဒုတိယအနေဖြင့် ထုတ်ပြန်ကြေညာချက် ၁၃ စောင်နှင့် ၂ စောင်တွင် စိုးရိမ်ပူပန်မှုများနှင့် ရှုတ်ချမှုများ တိတိကျကျပါဝင်သည်။
- အာဖရိက နိုင်ငံများတွင် ဆီရာလီယွန်၊ မော်ရီတေးနီးယား နှင့် မလာဝီ နိုင်ငံတို့သည် ပြည်သူ လူထုများအပေါ် အင်အားအလွန်အကျွံသုံး၍ဖိနှိပ်မှုများ၊ မတရားဖမ်းဆီးထိန်းသိမ်းမှုများ နှင့် အထူးသဖြင့် ရိုဟင်ဂျာများအပေါ် စနစ်တကျ မတရားဖိနှိပ်မှုများ စသည်တို့အပေါ် အကျယ်လောင်ဆုံး အသံထွက်သည့်နိုင်ငံများဖြစ်သည်။ ဆီရာလီယွန်သည် အထူးသဖြင့် မြန်မာနိုင်ငံ မှ ရိုဟင်ဂျာ လူမျိုးများအပေါ်ကျူးလွန်သော ရက်စက်ကြမ်းကြုတ်မှုများအတွက် ဂမ်ဘီယာနိုင်ငံ က အပြည်ပြည်ဆိုင်ရာ တရားရုံးသို့ တရားစွဲဆိုခြင်းနှင့်စပ်လျဉ်း၍ အသံထွက်ထားသည်။[6]

---

[6] ၄၆ ကြိမ်မြောက် အစည်းအဝေး၊ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အထူးအစီရင်ခံ ပုဂ္ဂိုလ်နှင့် အပြန်အလှန်ဆွေးနွေးချက်၊ မတ်လ ၂၀၂၁ ခုနှစ်။

- အာဖရိက၊ အာရှအလယ်ပိုင်းနှင့် ဗဟိုနှင့် လက်တင်အမေရိက နှင့် ပစိဖိတ်ဒေသရှိနိုင်ငံများမှာ လူ့အခွင့်အရေးကောင်စီတွင် မြန်မာ့အရေးနှင့်ပတ်သက်ပြီး နှုတ်ဆိတ်နေကြဆဲဖြစ်သည်။
- ဘီလာရုဇ်နိုင်ငံ နှင့် ဗင်နီဇွဲလားနိုင်ငံတို့နှင့်အတူ ရုရှားပြည်ထောင်စုသည် ယေဘုယျအားဖြင့် ရှုတ်ချကြောင်းနှင့် စိုးရိမ်ကြောင်းဖော်ပြရန် ပျက်ကွက်တိတ်ဆိတ်နေသည်သာမကပဲ၊ မြန်မာစစ်တပ်နှင့် ၎င်း၏အာဏာသိမ်းမှုများကို ပေါ်ပေါ်ထင်ထင်အသိအမှတ်ပြုသည့် အပြုအမူများပင်ရှိနေပြီး ကုလသမဂ္ဂ အဖွဲ့များ/ကျွမ်းကျင်ပညာရှင်များ၏ လုပ်ပိုင်ခွင့်တာဝန်များအပေါ် ပျက်ရယ်ပြုကာ ယင်းပညာရှင်များ၏ တွေ့ရှိချက်များနှင့် အစီရင်ခံစာများ၏ တရားဝင်ခိုင်လုံမှုအပေါ်ကိုပင် မေးခွန်းပြန်ထုတ်လျက်ရှိသည်။ မြန်မာစစ်တပ်အား ထောက်ခံသည့် သို့မဟုတ် ကာကွယ်ပေးဟန်တူသည့် အခြားနိုင်ငံများမှာ တရုတ်နိုင်ငံနှင့် အီရမ် နိုင်ငံများဖြစ်သည်။

## တင်ပြဆွေးနွေးသည့် ပြဿနာအကြောင်းအရာများ

- လူ့အခွင့်အရေးကောင်စီတွင် အများဆုံး ဖော်ပြထားသည့် အကြောင်းအရာမှာ "အကြမ်းဖက်မှုနှင့် တရားလက်လွတ်သတ်ဖြတ်ခြင်း" ဖြစ်သည်။ စိစစ်ခဲ့သည့် နိုင်ငံတကာထုတ်ပြန်ကြေညာချက် ၃၃၉ စောင်တို့တွင် အစောင် ၁၇၀ တို့သည် ယင်းပြဿနာကို ရည်ညွှန်းဖော်ပြထားသည်။ သြစတြေးလျနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့သည် ယင်းပြဿနာနှင့်စပ်လျဉ်းသည့် ကြားဝင်အရေးဆိုမှုကို အများဆုံး (၁၃ ခု အနက် ၁၀ ခု) လုပ်ထားပြီး ချက်သမ္မတနိုင်ငံသည် ထုတ်ပြန်ချက်ကြေညာချက် ၇ ခုရှိရာ ၇ ခုစလုံးတို့တွင် ယင်းသို့အကြမ်းဖက်မှုနှင့် တရားလက်လွတ်သတ်ဖြတ်ခြင်းအကြောင်းကိုထည့်သွင်းအရေးဆိုထားသည်။
- ဒုတိယ အရေးဆိုမှုအများဆုံးရှိသည့် ပြဿနာမှာ ရိုဟင်ဂျာလူမျိုးများ၏အခြေအနေရပ်များအကြောင်းဖြစ်ပြီး (ယင်းအကြောင်း ထုတ်ပြန်ကြေညာချက် ၁၁၆ ခုရှိသည့်အနက်) စုစုပေါင်း ၅၈ ခုဖြင့် ထက်ဝက်တိတိကို အစ္စလာမ္မစ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) က အရေးဆိုထားခြင်းဖြစ်သည်။
- စစ်တပ်အာဏာသိမ်းမှုကို ရှုတ်ချကြောင်းနှင့် စိုးရိမ်ကြောင်း ဖော်ပြထားမှုတွင် ထုတ်ပြန်ကြေညာချက် ၁၁၃ ခုရှိပြီး ၎င်းအနက် ပြင်သစ်နိုင်ငံက ထိပ်ဆုံးမှရပ်တည်နေသော်လည်း ပြင်သစ်နိုင်ငံသည် ရိုဟင်ဂျာလူမျိုးများအရေးနှင့်စပ်လျဉ်း၍မူ လုံးဝအသံတိတ်လျက်ရှိသည်။ ယင်းသို့ အလားသဏ္ဍာန်တူစွာဖြင့် တစ်ဖက်တွင်အရေးဆိုပြီး တစ်ဖက်တွင် ရိုဟင်ဂျာအရေးကိုအသံတိတ်နေသည့်နိုင်ငံများတွင် အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံတို့လည်း ပါဝင်သည်။
- မတရားဖမ်းဆီးမှု နှင့် ထိန်းသိမ်းမှုအကြောင်းကို ကြားဝင်အရေးဆိုသည့်ထုတ်ပြန်ချက် ၇၈ ခု တို့တွင်တွေ့ရပြီး ၎င်းအရေအတွက်သည် စုစုပေါင်း ကြားဝင်အရေးဆိုမှုထုတ်ပြန်ချက် ၈၈ ခုရှိ

သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြောင်းအရာအထက် အနည်းငယ် ပို၍နည်းသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလကတည်းက လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ပြဿနာရပ် များနှင့် ဘုံသဘောတူညီချက် ၅ ရပ်တို့အပေါ် တက်ကြွစွာ ရည်ညွှန်းပြောဆိုသော်လည်း မတရားဖမ်းဆီးမှုနှင့် ထိန်းသိမ်းမှု၊ စစ်တပ်အာဏာသိမ်းမှု၊ နိုင်ငံတော်အရေးပေါ်အခြေအနေ၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် စီတန်းလှည့်လည်ခွင့် အပြင် မြန်မာစစ်တပ်မှရရှိနေသည့် ပြစ်ဒဏ်ကင်းလွတ်ခွင့်နှင့် စစ်တပ်၏ တာဝန်ခံမှု တို့နှင့်စပ်လျဉ်း၍မှု တောက်လျှောက် အသံတိတ်လျက်ရှိသည်။

- ပြစ်ဒဏ်ကင်းလွတ်ခွင့်နှင့် တာဝန်ခံမှုအကြောင်း ပါဝင်သည့် ထုတ်ပြန်ချက် စုစုပေါင်း ၇၃ ခုတို့တွင် လူဇင်ဘတ်နိုင်ငံသည် ၎င်း၏ ထုတ်ပြန်ကြေညာချက် ၉ ခုအတွင်း ၆ ခုတို့တွင် စစ်တပ်၏ ပြစ်ဒဏ်ကင်းလွတ်ခွင့်နှင့် တာဝန်ခံမှု အကြောင်း တစ်စိုက်မတ်မတ် ထောက်ပြခဲ့သည်။ သို့သော်လည်း လူဇင်ဘတ်နိုင်ငံသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် စီတန်းလှည့်လည်ခွင့်အကြောင်းအရာအပေါ်တွင်မူ နှုတ်ဆိတ်လျက်ရှိသည်။
- လူ့အခွင့်အရေးကောင်စီအတွင်းတွင် မြန်မာနိုင်ငံရှိ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် စီတန်းလှည့်လည်ခွင့်အကြောင်းကို စုစုပေါင်း ကြားဝင်အရေးဆိုမှုထုတ်ပြန်ချက် ၃၃၉ တို့အနက် ၃၄ ခုတို့တွင်သာဖော်ပြခဲ့သဖြင့် ၎င်းအကြောင်းအရာအားဖော်ပြမှုသည် အထက်တွင်ဖော်ပြခဲ့သောအခြားအကြောင်းအရာများထက် ပို၍နည်းခဲ့သည်။ လစ်တန်စတိန်းနိုင်ငံသည် ဤလွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် စီတန်းလှည့်လည်ခွင့်အကြောင်းအရာကို ၎င်း၏ကြေညာချက် ၆ ခုအနက် ၄ ခုတို့တွင် တစ်စိုက်မတ်မတ်အဖော်ပြခဲ့ဆုံး နိုင်ငံဖြစ်သည်။
- အမျိုးသမီး၊ ကလေးငယ် နှင့် အာဆီယံတို့နှင့်စပ်လျဉ်းသည့်အကြောင်းအရာများကို ဖော်ပြမှုသည် ၄၁ ခုစီဖြင့် ဆွေးနွေးသည့်ပြဿနာအကြောင်းအရာစာရင်း၏ အောက်နားတွင်ပါဝင်နေပြီး၊ လေ့လာခဲ့သည့် အစည်းအဝေးများအားလုံးတို့အနက် နိုင်ငံတော်အရေးပေါ်အခြေအနေ အကြောင်းကို ဖော်ပြမှု ၁၁ ခု ရှိကာ ယင်း ၁၁ ခုအနက် ၇ ခုသည် မြန်မာစစ်တပ်အာဏာသိမ်းပြီးနောက် ချက်ချင်းကျင်းပသည့် အထူးအစည်းအဝေးအတွင်း တင်ပြခဲ့သည့် ကြားဝင်အရေးဆိုမှုများဖြစ်သည်။

## အရေးယူဆောင်ရွက်ရန် တိုက်တွန်းချက်များ

- တစ်ကမ္ဘာလုံးအားဖြင့် အရေးယူဆောင်ရွက်ရန်တိုက်တွန်းချက်အများစုတို့သည် ပြင်သစ်နိုင်ငံ မှ ၅၈ ခု၊ ဩစတြေးလျနိုင်ငံမှ ၅၄ ခု၊ အမေရိကန်ပြည်ထောင်စုမှ ၄၁ ခုတို့ဖြင့် လာသည်။ အနောက်ဥရောပနိုင်ငံများအကြားတွင် ပြင်သစ်နိုင်ငံ၏နောက်တွင် ဖြိတိန်နိုင်ငံက ၃၆ ခုနှင့် ဂျာမနီက ၃၃

ခုတို့ ဖြင့်ရပ်တည်နေသည်။ အာရှိနိုင်ငံများအကြားတွင်မူ မလေးရှားနိုင်ငံသည် ၄၅ ခုဖြင့် တိုက်တွန်းချက် အကြိမ်အများဆုံးဖြစ်ပြီး ၎င်းနောက်တွင် ဂျပန်နိုင်ငံမှ အခု ၃၀၊ ကိုးရီးယားပြည်သူ့သမ္မတနိုင်ငံမှ ၂၅ ခုတို့ဖြင့် ရပ်တည်နေသည်။ အရှေ့ဥရောပနိုင်ငံအမြောက်အများတို့သည် အရေးယူရန် တက်တက်ကြွကြွတိုက်တွန်းမှုများမရှိသော်လည်း တိုက်တွန်းချက် ၂၈ ခုရှိသည့် ဘူဂေးရီးယားနိုင်ငံနှင့် ၂၅ ခုစီ ရှိသည့် ချက်နိုင်ငံ နှင့် ရိုမေးနီးယားနိုင်ငံတို့က ချွင်းချက်ဖြစ်သည်။ လက်တင်အမေရိကနိုင်ငံများစု၊ အာဖရိကနှင့် ပစိဖိတ်ကျွန်းစုနိုင်ငံများတို့သည် များသောအားဖြင့် နှုတ်ဆိတ်နေလျက်ရှိပြီး ချွင်းချက်အနည်းငယ်မှာ ဆီရာလီယွန်နိုင်ငံမှ ၂၇ ခု နှင့် လစ်ဗျားနိုင်ငံ မှ ၁၆ ခုတို့သာဖြစ်ကာ ကျန်နိုင်ငံအများစုတို့မှာ မည်သည့်တိုက်တွန်းချက်မျိုးကိုမျှ ထုတ်ပြန်ထားခြင်းမရှိပဲ အမည်းရောင်ဖြင့် မြေပုံတွင်ဖော်ပြထားသည့်အတိုင်းဖြစ်သည်။ ယင်းနိုင်ငံအများစုတို့သည် မြန်မာနိုင်ငံအကြောင်း လူ့အခွင့်အရေးကောင်စီအတွင်းဆွေးနွေးမှုများတွင်လည်း ပါဝင်ဆွေးနွေးခြင်းမရှိပါ။

- စစ်တပ်အားပေးထောက်ခံသည့် နိုင်ငံများအားလုံး (ရုရှား၊ တရုတ်၊ ဘီလာရုဇ် နှင့် ဗင်နီဇွဲလား)[7] တို့အနက် လူ့အခွင့်အရေးကာကွယ်ရန် နှင့် အခြေအနေများအားဖြေရှင်းရန် တိုက်တွန်းချက်ပါဝင်သည့် ထုတ်ပြန်ချက် နှစ်ရပ်သာရှိပြီး ၎င်းတို့မှာ ရိုဟင်ဂျာ လူမျိုးများအပေါ် အကြမ်းဖက်မှုနှင့် နေရပ်ပြန်စေရေးအကြောင်း တိုက်တွန်းသည့် ရုရှား၏ထုတ်ပြန်ကြေညာချက် နှစ်ရပ်ဖြစ်သည်။[8] နိုင်ငံများ၏အခြား ထုတ်ပြန်ကြေညာချက်အားလုံးတို့မှာ အရေးယူဆောင်ရွက်ရန် တိုက်တွန်းချက်တစ်စုံတစ်ရာမျှ မပါဝင်ပါ။

## မည်သည့် အရေးယူဆောင်ရွက်ချက်များ

- မှတ်တမ်းတင်နိုင်ခဲ့သည့် အရေးယူဆောင်ရွက်ရန်တိုက်တွန်းချက် ၄၈၁ ခုတို့တွင် အများဆုံးတိုက်တွန်းထားမှုမှာ စစ်တပ်အနေဖြင့် မတရားဖမ်းဆီးထိန်းသိမ်းခြင်းအပါအဝင် မတရားဖိနှိပ်ခြင်းကို ရပ်တန့်ရန် (၁၆၉ ခု)၊ နှင့် အကြမ်းဖက်မှုအသုံးပြုခြင်းကို ရပ်တန့်ရန် (၁၆၈ ခု) တို့ဖြစ်သည်။ သြစတြေးလျနိုင်ငံသည် ယင်းတိုက်တွန်းချက်နှစ်ရပ်ကို တိုက်တွန်းချက် ၂၄ ခုဖြင့်အများ

[7] မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေများ အထူးအစီရင်ခံပုဂ္ဂိုလ်ဖြစ်သူ တွမ်အန်ဒရူး၏ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလထုတ်အစီရင်ခံစာအရ တရုတ်၊ ရုရှား နှင့် ဆားဘီးယားနိုင်ငံများသည် မြန်မာစစ်တပ်အား လက်နက်ပံ့ပိုးရောင်းချမှုအရှိဆုံးနိုင်ငံ ၃ နိုင်ငံဖြစ်သည်။ အစီရင်ခံစာကို ဤတွင်ကြည့်ပါ - https://www.ohchr.org/sites/default/files/2022-02/CRP-31012022.docx

[8] ၄၈ ကြိမ်မြောက် ပုံမှန်အစည်းအဝေး၊ လူ့အခွင့်အရေးမဟာမင်းကြီးနှင့် အပြန်အလှန်ဆွေးနွေးမှု၊ စက်တင်ဘာလ ၂၀၂၁ ခုနှစ်။

ဆုံးတိုက်တွန်းထားသည့်နိုင်ငံဖြစ်ပြီး၊ ၎င်းနောက်တွင် ပြင်သစ်နိုင်ငံက ၁၈ ခုနှင့် ဂျပန်နိုင်ငံက ၁၈ ခု၊ အမေရိကန်ပြည်ထောင်စုက ၁၅ခု နှင့် ဗြိတိန်နိုင်ငံက ၁၂ ခုတို့ဖြင့် ရပ်တည်နေသည်။

- ဩစတြေးလျနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့သည် မြန်မာစစ်တပ်အနေဖြင့် မတရားဖိနှိပ်မှုများ၊ အကြမ်းဖက်မှုနှင့် မတရားဖမ်းဆီးထိန်းသိမ်းမှုများအား ရပ်တန့်ရန် တိုက်တွန်းရာတွင် အသံအကျယ်လောင်ဆုံးနိုင်ငံများဖြစ်သော်လည်း ၎င်းတို့သည် ပိတ်ဆို့မှုများပြုလုပ်ရန်တိုက်တွန်းရာတွင်မူ လုံး၀ နှုတ်ဆိတ်လျက်ရှိသည်။ အလားတူ တိုက်တွန်းချက်ပုံပန်းသဏ္ဌာန်များကို ဗြိတိန်၊ ဂျပန်၊ ဂျာမနီနှင့် ကနေဒါ နိုင်ငံများတွင်လည်းတွေ့ရသည်။
- သေဒဏ်ချမှတ်မှုများ/အဆုံးစီရင်မှုများအား ရပ်တန့်ရန် သီးသန့် တိုက်တွန်းချက် စုစုပေါင်း ၈ ကြိမ်ရှိခဲ့ပြီး တစ်ခုစီတို့ကို ဘူဂေးရီးယား၊ ချက်သမ္မတ၊ စပိန်၊ အီတလီ၊ ရိုမေးနီးယား၊ ဆွစ်ဇာလန်၊ ဩစတြီးယား နှင့် ဂျပန် တို့မှ တိုက်တွန်းထားခြင်းဖြစ်သည်။
- တိုက်တွန်းမှုအနည်းဆုံး အရေးယူဆောင်ရွက်ချက်တို့မှာ - အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အား ဝန်းရံထောက်ခံရန် (ချက်သမ္မတနှင့် ပြင်သစ် နိုင်ငံ တို့မှ တစ်ခုစီဖြင့် စုစုပေါင်း ၂ ခု[9])၊ စစ်တပ်အပေါ်ပိတ်ဆို့မှုများပြုလုပ်ရန် (လူဇင်ဘတ် နှင့် အမေရိကန်ပြည်ထောင်စု တို့မှ တစ်ခုစီဖြင့် စုစုပေါင်း ၂ ကြိမ်)၊ နှင့် အခြားစီးပွားရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်များပြုလုပ်ရန် (လူဇင်ဘတ် မှ နှစ်ကြိမ်၊ နမီးဘီးယားနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဂျာမနီ နှင့် မာရှယ်ကျွန်းစုများ တို့မှ အားလုံး စုစုပေါင်း ၆ ကြိမ်) - တို့ဖြစ်သည်။ အခြား စီးပွားရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်များပြုလုပ်ရန် တိုက်တွန်းချက် ၆ ရပ်တို့တွင် ၄ ခုတို့မှာ - မြန်မာနိုင်ငံဆိုင်ရာ အချက်အလက် ရှာဖွေရေးမစ်ရှင်အဖွဲ့၏ အစီရင်ခံစာကို ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင်[10] ထုတ်ပြန်ခဲ့ပြီးနောက်ပိုင်း မြန်မာစစ်တပ်၏ စီးပွားရေးအကျိုးစီးပွားအကြောင်း ဆွေးနွေးသည့်အစီအစဉ်တွင်ထည့်သွင်းဆွေးနွေးလာသည့် ၅၁ ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တင်ပြခဲ့ခြင်းဖြစ်သည်။ လက်ရှိအထိ အမျိုးသား ညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) အကြောင်း တိုက်တွန်းထားမှုတစ်ခုမျှ မရှိသေးပါ။

---

[9] အမေရိကန်: ၅၀ ကြိမ်မြောက် ပုံမှန် အစည်းအဝေး၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေရပ်များ အထူးအစီရင်ခံ ပုဂ္ဂိုလ်နှင့် အပြန်အလှန်ဆွေးနွေးချက်၊ ၂၀၂၂ ခုနှစ် ဇွန်လ။ လူဇင်ဘတ် နိုင်ငံ: ၄၉ ကြိမ်မြောက် ပုံမှန်အစည်းအဝေး၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေရပ်များ အထူးအစီရင်ခံ ပုဂ္ဂိုလ် နှင့် အပြန်အလှန်ဆွေးနွေးချက်၊ ၂၀၂၂ ခုနှစ် မတ်လ။

[10] ၅၁ ကြိမ်မြောက် ပုံမှန်အစည်းအဝေး၊ မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးမစ်ရှင်အဖွဲ့၏ 'စစ်တပ်၏ စီးပွားရေးဆိုင်ရာ အကျိုးစီးပွားများအကြောင်း' ကွန်းဖရင့်စ် စာစောင်တွင်ပါဝင်သော အကြံပြုချက်များနှင့်စပ်လျဥ်း၍ တိုးတက်မှု အခြေအနေများနှင့် အခက်အခဲစိန်ခေါ်မှုများအကြောင်း လူ့အခွင့်အရေးမဟာမင်းကြီးရုံးနှင့် အပြန်အလှန်ဆွေးနွေးချက်၊ ၂၀၂၂ ခုနှစ် စက်တင်ဘာလ။

- ဖိလစ်ပိုင်နိုင်ငံသည် တစ်ဖက်သတ် ဖိအားပေး အရေးယူမှုများအကြောင်း အထူးအစီရင်ခံပုဂ္ဂိုလ်မှ ဖော်ပြထားသည့် အပြုသဘောမဆောင်သော လူ့အခွင့်အရေးများအကြောင်း ပြန်လည်ရည်ညွှန်းပြီး ပိတ်ဆို့မှုများအပေါ် တစ်ကြိမ် ငြင်းဆိုကန့်ကွက်ခဲ့သည်။[11] အခြားနိုင်ငံများမှာ ယင်းအကြောင်းနှင့်စပ်လျဉ်း၍ နှုတ်ဆိတ်လျက်ရှိသည်။
- လက်နက်ကုန်သွယ်ခွင့် တားမြစ်ပိတ်ဆို့မှု ပြုလုပ်ရန် တိုက်တွန်းချက်များကို လူ့အခွင့်အရေးကောင်စီအတွင်း ၁၉ ကြိမ်သာ တိုက်တွန်းထားပြီး အမေရိကန်ပြည်ထောင်စုမှ ၄ ကြိမ်၊ ကနေဒါမှ ၄ ကြိမ်၊ ဩစတြေးလျမှ ၃ ကြိမ်၊ ဂျာမနီမှ ၂ ကြိမ်၊ လူဇင်ဘတ် မှ ၂ ကြိမ်၊ ရိုမေးနီးယား မှ ၁ ကြိမ်၊ ဗြိတိန်မှ ၁ ကြိမ် နှင့် ဘယ်ဂျီယံ မှ ၁ ကြိမ် တို့ဖြစ်သည်။ ယင်းသို့ လက်နက်ပိတ်ဆို့မှုပြုလုပ်ရန် တိုက်တွန်းချက်ကို ပြုလုပ်သည့် အာဆီယံနိုင်ငံများတွင် စင်ကာပူနိုင်ငံသည် တစ်ခုတည်းသောနိုင်ငံဖြစ်ပြီး၊ တစ်ကြိမ်တည်းသာတိုက်တွန်းထားခြင်းဖြစ်သည်။[12]
- လူဇင်ဘတ်နိုင်ငံသည် လက်နက်ကုန်သွယ်ခွင့် တားမြစ်ပိတ်ဆို့မှုပြုလုပ်ရန်၊ စစ်တပ်အပေါ် ပိတ်ဆို့မှုများပြုလုပ်ရန် နှင့် အခြား စီးပွားရေးဆိုင်ရာ အရေးယူဆောင်ရွက်ချက်များပြုလုပ်ရန် တိုက်တွန်းချက် ၃ မျိုးလုံးကို ပြုလုပ်ထားသည့် တစ်ခုတည်းသောနိုင်ငံဖြစ်သည်။[13]
- အစ္စလာမ္မစ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏ တိုက်တွန်းချက်များအတွင်းတွင် ရိုဟင်ဂျာလူမျိုးများ၏အရေးကိုသာ အသားပေးထားပြီး၊ ၉ ခုတို့မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ၈ ခုမှာ မလေးရှား၊ ၇ ခုတို့မှာ တူရကီ နှင့် ၆ ခုတို့မှာ မော်ရီတေးနီးယား၊ မော်ဒိုက် နှင့် လစ်ဗျားနိုင်ငံ တို့မှ အသီးသီးဖြစ်သည်။

---

[11] ၄၈ ကြိမ်မြောက် ပုံမှန် အစည်းအဝေး၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေရပ်များ အထူးအစီရင်ခံ ပုဂ္ဂိုလ် နှင့် အပြန်အလှန်ဆွေးနွေးချက်၊ ၂၀၂၁ ခုနှစ် စက်တင်ဘာလ။

[12] ၅၁ ကြိမ်မြောက် ပုံမှန်အစည်းအဝေး၊ မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးမစ်ရှင်အဖွဲ့၏ 'စစ်တပ်၏ စီးပွားရေးဆိုင်ရာ အကျိုးစီးပွားများအကြောင်း' ကွန်းဖရင့်စ် စာစောင်တွင်ပါဝင်သော အကြံပြုချက်များနှင့်စပ်လျဉ်း၍ တိုးတက်မှု အခြေအနေများနှင့် အခက်အခဲစိန်ခေါ်မှုများအကြောင်း လူ့အခွင့်အရေးမဟာမင်းကြီးရုံးနှင့် အပြန်အလှန်ဆွေးနွေးချက်၊ ၂၀၂၂ ခုနှစ် စက်တင်ဘာလ။

[13] ၂၉ ကြိမ်မြောက် အထူးအစည်းအဝေး၊ ဖေဖော်ဝါရီ ၂၀၂၁ ခုနှစ်။ ၄၉ ကြိမ်မြောက် ပုံမှန်အစည်းအဝေး၊ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးနှင့် အပြန်အလှန်ဆွေးနွေးမှု၊ ၂၀၂၂ ခုနှစ် မတ်လ။ ၄၉ ကြိမ်မြောက် ပုံမှန်အစည်းအဝေး၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေရပ်များ အထူးအစီရင်ခံ ပုဂ္ဂိုလ် နှင့် အပြန်အလှန်ဆွေးနွေးချက်၊ ၂၀၂၂ ခုနှစ် မတ်လ။ ၅၁ ကြိမ်မြောက် ပုံမှန်အစည်းအဝေး၊ မြန်မာနိုင်ငံဆိုင်ရာ အချက်အလက်ရှာဖွေရေးမစ်ရှင်အဖွဲ့၏ 'စစ်တပ်၏ စီးပွားရေး ဆိုင်ရာ အကျိုးစီးပွားများအကြောင်း' ကွန်းဖရင့်စ် စာစောင်တွင်ပါဝင်သော အကြံပြုချက်များနှင့်စပ်လျဉ်း၍ တိုးတက်မှု အခြေအနေများနှင့် အခက်အခဲစိန်ခေါ်မှုများအကြောင်း လူ့အခွင့်အရေးမဟာမင်းကြီးရုံးနှင့် အပြန်အလှန်ဆွေးနွေးချက်၊ ၂၀၂၂ ခုနှစ် စက်တင်ဘာလ။

- လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကူညီထောက်ပံ့မှုနှင့် စပ်လျဉ်း၍ တိုက်တွန်းထားသည့် နိုင်ငံများတွင် ကူညီထောက်ပံ့မှုရယူလက်လှမ်းမမှီနိုင်အောင် ပိတ်ဆို့ထားမှုအား ပယ်ဖျက်ရန် တိုက်တွန်းချက် (၆၈ ခု) က ကူညီထောက်ပံ့မှုများ ပို၍ ပေးအပ်ရန် နိုင်ငံတကာအသိုင်းအဝိုင်း အားတိုက်တွန်းထားသည့် တိုက်တွန်းချက် (၁၇ ခု) ထက်ပို၍များသည်။ အာဆီယံဒေသတွင် မလေးရှားနိုင်ငံသည် မြန်မာနိုင်ငံအတွင်းသို့ လူသားချင်းစာနာထောက်ထားမှုများမ ဝင်ရောက်နိုင်အောင် ပိတ်ဆို့ထားမှုအား ပယ်ဖျက်ရန် စစ်တပ်အား တိုက်တွန်းသည့် တိုက်တွန်းချက် ၅ ကြိမ် ပြုလုပ်ထားပြီး အကျယ်လောင်ဆုံးအသံထွက်ထားသည့်နိုင်ငံဖြစ်သည်။
- အာဆီယံနိုင်ငံအများစုတို့သည် အာဆီယံအရေးတွင် ပါဝင်လုပ်ဆောင်ရန်အကြောင်း (၂၄ ခု)၊ ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးမှုအတွက် အထွေထွေတိုက်တွန်းချက်များ (၂၅ ခု)၊ အကြမ်းဖက်မှု ရပ်တန့်ရန် (၂၅ ခု) နှင့် မတရားဖိနှိပ်မှုများအား ရပ်တန့်ရန် (၁၄ ခု) တို့သာဖြစ်သည်။
- 'အာဆီယံ' အောက်တွင် မှတ်တမ်းတွေ့ရှိခဲ့သည့် အရေးယူရန်တိုက်တွန်းချက်များမှာ - အာဆီယံ၏ ဘုံသဘောတူညီချက် ၅ ရပ်တို့အား အကောင်အထည်ဖော်ဆောင်ရန် အာဆီယံနိုင်ငံများမှ တိုက်တွန်းထားချက် သို့မဟုတ် ယင်းသို့အကောင်အထည်ဖော်ရာတွင် ၎င်းနိုင်ငံများ၏ စေ့စပ်လုပ်ဆောင်မှုကို ထောက်ပံ့ပေးရန် တိုက်တွန်းချက် များဖြစ်သည်။ စုစုပေါင်းအားဖြင့် ယင်းတိုက်တွန်းချက်အမျိုးအစားအောက်တွင် ၄၁ ခု ပါဝင်သည်။

## မည်သူမှ အရေးယူဆောင်ရွက်ရန်

- မှတ်တမ်းတင်နိုင်ခဲ့သည့် တိုက်တွန်းချက် ၄၈၁ ခုတို့အနက် ၂၃၁ ခု (၄၈%) တို့မှာ မည်သူမှ အရေးယူဆောင်ရွက်ရန် တိတိကျကျ တိုက်တွန်းထားခြင်းမရှိပါ။
- တိုက်တွန်းချက်များအားလုံး၏ ၁၇၉ ခု (၃၇%) တို့မှာ မြန်မာစစ်တပ်သည် အရေးယူဆောင်ရွက်ရန် တာဝန်ရှိသူဖြစ်ကြောင်း ရှင်းလင်းစွာ ရည်ညွှန်းဖော်ပြထားသည်။
- တိုက်တွန်းချက်များအားလုံး၏ ၂၉ ခု (၆%) တို့သည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ချုပ်ကို ရည်ညွှန်းထားခြင်းဖြစ်သည်။ မြန်မာနိုင်ငံဆိုင်ရာ အထူး အစီရင်ခံပုဂ္ဂိုလ်၊ မြန်မာနိုင်ငံအတွက် လွတ်လပ်သည့် စုံစမ်းစစ်ဆေးရေး ယန္တရား၊ နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန် စသည်အားရည်ညွှန်းသည့် တိုက်တွန်းချက်များသည် ဆွေးနွေးသည့်အကြောင်းအရာအပေါ်တွင်မူတည်၍ကွဲပြားသည်။ ယင်းတိုက်တွန်းချက်များအား စုစုပေါင်း ၅ ကြိမ်၊ ၃ ကြိမ် နှင့် တစ်ကြိမ်စီ တို့ဖြင့် အသီးသီးတိုက်တွန်းထားခြင်းဖြစ်သည်။

- တိုက်တွန်းချက်များအနက် ၂၆ ခု (၅%) တို့သည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ဦးတည်ခြင်းဖြစ်ပြီး အများစုတို့တွင်- လက်နက်ကုန်သွယ်မှုတားမြစ်ပိတ်ဆို့မှု ပြုလုပ်ရန် (၁၉ ခု)၊ အခြား စီးပွားရေးဆိုင်ရာ အရေးယူမှုများ ဆောင်ရွက်ရန် (၆ ခု) နှင့် စစ်တပ်အပေါ် ပိတ်ဆို့မှုများပြုလုပ်ရန် (၂ ခု) - စသည့် သက်ဆိုင်ရာ နိုင်ငံများ၏ အစိုးရကသာဆောင်ရွက်နိုင်သည့် အရေးယူဆောင်ရွက်ချက်များဖြစ်သည်။
- စီးပွားရေး ကော်ပိုရေးရှင်းများထံသို့ ဦးတည်သည့် တိုက်တွန်းချက်များမှာ (၀.၆%) သာရှိပြီး- တစ်ခုမှာ လူ့အခွင့်အရေး တာဝန်ရှိမှုအတိုင်း ဆောင်ရွက်ရန် (ဂျာမနီ)[14]၊ နောက်တစ်ခုမှာ မြန်မာစစ်တပ်နှင့် ဆက်စပ်နေသည့် စီးပွားရေးလုပ်ငန်းများနှင့်ချိတ်ဆက်မှု ဖြတ်တောက်ရန် (မာရှယ်ကျွန်းစု)[15] နှင့် အခြားတစ်ခုမှာ မြန်မာနိုင်ငံအတွင်း ရာဇဝတ်မှုအတိအလင်းကျူးလွန်မှုများအတွက် တာဝန်ခံရန် (နမီဘီယာ)[16] တို့ဖြစ်သည်။
- ကုလသမဂ္ဂအဖွဲ့ချုပ် နှင့် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် ပူးပေါင်းဆောင်ရွက်ရန် စသည့် အာဆီယံက လုပ်ဆောင်ရမည့် တိကျသည့် အရေးယူဆောင်ရွက်ချက်များအကြောင်း တိုက်တွန်းထားသည့် တိုက်တွန်းချက်များကို အာဆီယံအားဦးတည်သည့် တိုက်တွန်းချက်အဖြစ် ရေတွက်ခဲ့သည်။ ယင်းသို့ တိုက်တွန်းချက်မျိုး ၄ ရပ်ကို အာဆီယံသို့ ဦးတည်တိုက်တွန်းထားသည်။

## အချိန်နှင့်အမျှ အကြောင်းအရာများ၏ လားရာသဏ္ဌာန်များ

ယေဘုယျအားဖြင့် နိုင်ငံများ၏ အလေးပေးသည့် အကြောင်းအရာများ၏ လားရာသဏ္ဌာန်သည် တိကျသည့် အကြောင်းအရာအချို့တို့အပေါ် ဦးတည်၍ အမျိုးမျိုးပြောင်းလဲနေသည်ကို တွေ့ရသည်။ ယင်း ပုံစံများသည် လူ့အခွင့်အရေးကောင်စီအတွင်း အသားပေးဆွေးနွေးသည့် ဆွေးနွေးချက်များ၊ ဒေသတွင်းနှင့် နိုင်ငံတကာအဆင့်တို့တွင် ဖြစ်ပေါ်လာသည့် ပြောင်းလဲမှုများနှင့် ပြဿနာအကြောင်းအရာများ စသည်တို့အပေါ်တွင် မူတည်နေသည်။ ဥပမာအားဖြင့်- ၂၀၂၁ ခုနှစ် ဧပြီလတွင် အာဆီယံ ဘုံ သဘောတူညီချက် ၅ ရပ် ဖော်ဆောင်လိုက်ပြီးနောက် အာဆီယံအားရည်ညွှန်းသည့် ထုတ်ပြန်ချက် ၁၄ ရပ်သည် ၂၀၂၁ ခုနှစ် ဇူလိုင်လတွင်ကျင်းပသည့် ၄၇ ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ထိပ်ဆုံးကပါဝင်လာသည်။ သို့

[14] ၅၁ ကြိမ်မြောက် ပုံမှန် အစည်းအဝေး၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေရပ်များ အထူးအစီရင်ခံ ပုဂ္ဂိုလ် နှင့် အပြန်အလှန်ဆွေးနွေးချက်၊ ၂၀၂၂ ခုနှစ် စက်တင်ဘာလ။

[15] ၄၇ ကြိမ်မြောက် ပုံမှန် အစည်းအဝေး၊ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေရပ်များ အထူးအစီရင်ခံ ပုဂ္ဂိုလ် နှင့် အပြန်အလှန်ဆွေးနွေးချက်၊ ၂၀၂၁ ခုနှစ် ဇူလိုင်လ။

[16] ၄၈ ကြိမ်မြောက် ပုံမှန် အစည်းအဝေး၊ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ယန္တရား နှင့် အပြန်အလှန်ဆွေးနွေးချက်၊ ၂၀၂၁ ခုနှစ် စက်တင်ဘာလ။

သော်လည်း ၂၀၂၂ ခု နှစ် မတ်လတွင် ၄၉ ကြိမ်မြောက် ပုံမှန်အစည်းအဝေးအပြီးနောက်တွင် ယင်းသို့ အသံထွက်ထောက်ခံမှုအဆင့်သည်- စိုးရိမ်ကြောင်းထုတ်ပြန်ချက် ၁၀ စောင်အောက် နှင့် အရေးယူရန် တိုက်တွန်းချက် ၁၀ စောင်အောက် တို့အထိ တစ်ဖန်ပြန်ထိုးကျသွားခဲ့သည်။

တစ်ချိန်တည်းတွင် မြန်မာစစ်တပ်မှရရှိနေသည့် ပြစ်ဒဏ်ကင်းလွတ်ခွင့်အား စိုးရိမ်ကြောင်း ထုတ်ပြန်ချက်အရေအတွက်များသည် အစည်းအဝေးတစ်ခုအတွင်း ၁၀ ခုခန့်ဖြင့် အတက်အကျရှိနေပြီး၊ စစ်တပ်အား တာဝန်ခံရန် တိုက်တွန်းချက်များအရေအတွက်သည် အစည်းအဝေးတစ်ခုအတွင်း ၂၀ ခု ခန့်နှုန်းဖြင့် အတက်အကျရှိခဲ့သည်။ ယင်းအကြောင်းအရာနှစ်ရပ်စလုံးတို့သည် လေ့လာခဲ့သည့်အစည်းအဝေးများအနက် ၂၀၂၂ စက်တင်ဘာတွင် နောက်ဆုံး ကျင်းပခဲ့သည့် အစည်းအဝေး (၅၁ ကြိမ်မြောက် ပုံမှန်အစည်းအဝေး) တွင် နိုင်ငံများမှ အများဆုံးဖော်ပြသည့် အကြောင်းအရာများဖြစ်ခဲ့ပြီး စိုးရိမ်ကြောင်းဖော်ပြထားမှု ၂၂ ကြိမ် နှင့် အရေးယူရန်တိုက်တွန်းချက် ၂၃ ခု တို့ဖြစ်သည်။ နိုင်ငံများ၏ထုတ်ပြန်ကြေညာချက်များအတွင်း အများဆုံးထည့်သွင်းထားသည့်အကြောင်းအရာများအနက်တစ်ခုဖြစ်သည့် 'အကြမ်းဖက်မှု နှင့် တရားလက်လွတ်သတ်ဖြတ်ခြင်း' မှာမူ ၂၀၂၁ ခုနှစ် မတ်လတွင်ကျင်းပခဲ့သည့် ၄၆ ကြိမ်မြောက်ပုံမှန်အစည်းအဝေးကတည်းကစ၍ အစည်းအဝေးတစ်ခုချင်းစီတို့တွင် ရှုတ်ချကြောင်း သို့မဟုတ် စိုးရိမ်ကြောင်း ဖော်ပြချက် အခု ၂၀ ကျော်တို့ပါဝင်ခဲ့ကာ၊ အကြမ်းဖက်မှုရပ်တန့်ရန်တိုက်တွန်းချက်အရေအတွက်များသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင်ကျင်းပခဲ့သည့် ၂၉ ကြိမ်မြောက်အထူးအစည်းအဝေး မှသည် ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင်ကျင်းပခဲ့သည့် ၅၁ ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ ၃၂ ခု မှ ၁၇ ခုအထိ တစ်ဖြည်းဖြည်း လျော့နည်းကျဆင်းလာသည်။

အောက်တွင် ပွိုင့်ထိုး၍ဖော်ပြထားသည်မှာ- ရှုတ်ချကြောင်းနှင့် စိုးရိမ်ကြောင်း ဖော်ပြမှုများ၊ လေ့လာခဲ့သည့် အစည်းအဝေးများတစ်လျှောက် နိုင်ငံများမှ ဆွေးနွေးတင်ပြလာသည့် ပြဿနာအကြောင်းအရာများနှင့် တိုက်တွန်းချက်များ - စသည်တို့ကို ခြုံငုံပြီး ၎င်းတို့၏ ပို၍တိကျသည့် လားရာသဏ္ဍာန်များကို ထင်ဟပ်ဖော်ပြရန်ဖြစ်သည်။

- နိုင်ငံများမှ **ရှုတ်ချမှုများနှင့် စိုးရိမ်ကြောင်း**ဖော်ပြမှုများသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၉ ကြိမ်မြောက်အထူးအစည်းအဝေးတွင် စစ်တပ်အာဏာသိမ်းမှုနှင့် ပြည်သူများအပေါ် အကြမ်းဖက်မှုကျူးလွန်ခြင်းတို့အပေါ် အဓိက ရှုတ်ချမှုများအဆင့်သည်[17] အမြင့်ဆုံးရှိခဲ့ရာမှ ယေဘုယျအားဖြင့် ကျဆင်းလျက်ရှိသည်။ လက်ရှိအခြေအနေအထိ မတ်လ ၂၀၂၂ ခုနှစ် ၄၉ ကြိမ်မြောက် ပုံမှန်

---

[17] ရှုတ်ချမှုနှင့် စိုးရိမ်မှုအဆင့်များကို မည်သို့တိုင်းတာခဲ့ကြောင်း ထပ်လောင်းသတင်းအချက်အလက်များအတွက် - [နည်းနိဿယ စာစောင်](#) အပြင် ဤ ရုပ်ပြအစီရင်ခံစာ၏ "အမှတ်ပေး နည်းနာ" ကိုလည်းကြည့်ပါ။

အစည်းအဝေးတွင် ကြားဝင်အရေးဆိုမှု ၅၄ ခုရှိခဲ့သော်ငြားလည်း နိုင်ငံများ၏ ရှုတ်ချမှုနှင့် စိုးရိမ်မှုအဆင့်မှာ အနိမ့်ဆုံးသို့ရောက်ရှိခဲ့သည်။ ၂၀၂၂ ခုနှစ် ဇွန်လ ၅၀ ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ကြားဝင်အရေးဆိုမှု ၃၈ ခုသာရှိခဲ့သော်လည်း မြန်မာစစ်တပ်က နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ၄ ဦးကို အဆုံးစီရင်ကြောင်းကြေညာခဲ့သဖြင့် နိုင်ငံများ၏ ရှုတ်ချ၊ စိုးရိမ်မှုအဆင့်များ တစ်ဖန်ပြန်လည်မြင့်တက်လာခဲ့သည်။ သို့သော်လည်း ၄၉ ကြိမ်မြောက် ပုံမှန်အစည်းအဝေး အတွင်းတွင် နိုင်ငံများသည် မြန်မာနိုင်ငံအတွင်းရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေရပ်များအပေါ် ပို၍ စိုးရိမ်မှုများ ပြသခဲ့သည်။

- နိုင်ငံများမှ **ဆွေးနွေးတင်ပြလာသော ပြဿနာအကြောင်းအရာ**များအရ အမျိုးမျိုးသော ပြဿနာအကြောင်းအရာများအပေါ် တိုးမြင့်ဆွေးနွေးလာမှုများရှိကြောင်းတွေ့ရသည်။ ဥပမာအားဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များ၏ လူ့အခွင့်အရေးအကြောင်းနှင့်စပ်လျဉ်းသည့် ရှုတ်ချ/စိုးရိမ်မှုများသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၉ ကြိမ်မြောက် အထူးအစည်းအဝေးတွင် တစ်ကြိမ်သာ ရှိခဲ့ရာမှ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၅၁ ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ၁၃ ကြိမ်အထိ မြင့်တက်လာသည်။ ရိုဟင်ဂျာလူမျိုးများအကြောင်း အသားပေးမှုသည်လည်း ၂၉ ကြိမ်မြောက်အထူးအစည်းအဝေးတွင် ၁၁ ကြိမ် ဖော်ပြမှုမှသည် ၅၁ ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ဖော်ပြမှု ၂၂ ကြိမ်အထိ တဖြည်းဖြည်း မြင့်တက်လာခဲ့သည်။ အခြား ပြဿနာအကြောင်းအရာများအတွက်မူ လေ့လာခဲ့သည့်အစည်းအဝေးများတစ်လျှောက် နိုင်ငံများအနေဖြင့် အသံတိတ်နှုတ်ဆိတ်ကြောင်း တွေ့ရသည်။ ယင်းအကြောင်းအရာများတွင်- အာဏာသိမ်းမှုမှတစ်ဆင့် မြန်မာစစ်တပ်မှ တိုင်းပြည်အာဏာကို မတရားရယူမှုအကြောင်း (၃၇ မှ ၁၃ ခု)[18]၊ နိုင်ငံတော်အရေးပေါ်အခြေအနေ (၇ မှ ၀ ခု)၊ မတရားဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်း (၃၁ မှ ၄ ခု)၊ မြန်မာပြည်သူလူထု၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ စီတန်းလှည့်လည်ခွင့်နှင့် အသင်းအဖွဲ့ဖွဲ့စည်းခွင့် (၂၃ မှ ၀) - တို့ပါဝင်သည်။
- နိုင်ငံအများမှ **တိုက်တွန်းသည့်အရေးယူဆောင်ရွက်ချက်များ** အရ ၂၀၂၂ ခုနှစ် မတ်လတွင်ကျင်းပခဲ့သည့် ၄၉ ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် - မြန်မာစစ်တပ်အနေဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများအား ပိတ်ဆို့ထားမှုကို ပယ်ဖျက်ရန်နှင့် လက်နက်

[18] ကွင်းစကွင်းပိတ်အတွင်းဖော်ပြထားသည့် နံပါတ်များသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပသည့် ၂၉ ကြိမ်မြောက် အထူးအစည်းအဝေး နှင့် ၂၀၂၂ ခုနှစ် စက်တင်ဘာတွင်ကျင်းပသည့် ၅၁ ကြိမ်မြောက် ပုံမှန်အစည်းအဝေးအတွင်း နိုင်ငံများ၏ ထုတ်ပြန်ကြေညာချက်များတွင် ပါဝင်ခဲ့သည့် ပြဿနာအကြောင်းအရာများ၏ အကြိမ်အရေအတွက်ကို အသီးသီး ကိုယ်စားပြုသည်။

CCPR Centre for Civil and Political Rights

ကုန်သွယ်မှု တားမြစ်ပိတ်ဆို့ရန် - စသည့်တိုက်တွန်းချက်များဖြင့် အမြင့်ဆုံးရောက်ရှိခဲ့သည်။ သေဒဏ်ပေးမှုအားရပ်တန့်ရန် တိုက်တွန်းချက်များသည် မြန်မာစစ်တပ်မှ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ၄ ဦးအား အဆုံးစီရင်သတ်ဖြတ်ရန်အစီအစဉ်ကြေညာခဲ့ပြီးနောက်ပိုင်း ၂၀၂၂ ခုနှစ် ဇွန်လတွင်ကျင်းပသည့် ၅၀ ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် စတင်ပါဝင်လာခဲ့ပြီး၊ ယင်းသို့ စစ်တပ်မှ စီရင်သတ်ဖြတ်မှုအပြီး ကျင်းပသည့် ၅၁ ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် တစ်ဖန်ပြန်လည်မြင့်တက်လာခဲ့သည်။ တရားဝင် ရွေးကောက်တင်မြှောက်ခံ အရပ်သားအစိုးရအားအသိအမှတ်ပြုရန်နှင့် ပြန်လည်အာဏာအပ်နှင်းရန် တိုက်တွန်းချက် (၃၀ ခုမှ ၇ ခု)၊ မတရားဖမ်းဆီးခံရသူများအား တရားစွဲဆိုမှုများ ရပ်တန့်ရန်နှင့် နိုင်ငံရေးအကျဉ်းသားများအား ပြန်လွှတ်ပေးရန် တိုက်တွန်းချက် (၄၁ ခုမှ ၁၃ ခု)၊ လူထုမှ သတင်းအချက်အလက်ရယူလက်လှမ်းမှီနိုင်မှုရှိအောင် လုပ်ဆောင်ပေးရန် တိုက်တွန်းချက် (၁၆ ခုမှ ၀ ခု) နှင့် ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးမှု၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအား လေးစားရန်တိုက်တွန်းချက် (၃၉ ခုမှ ၁၅ ခု) - စသည့် တိုက်တွန်းချက်များမှာ လျော့နည်းကျဆင်းလာလျက်ရှိသည်။

**<u>၄။ နိဂုံး</u>**

မြန်မာနိုင်ငံ၏ ပြဿနာ၊ မြန်မာနိုင်ငံ အရေးအပေါ် လှုပ်ရှားနေကြသည့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအတွက်မူ လူ့အခွင့်အရေးကောင်စီတွင်တင်ပြခဲ့သည့် နိုင်ငံတစ်နိုင်ငံမှ ထုတ်ပြန်ကြေညာချက်တစ်ခုကိုသာကြည့်ခြင်းဖြင့် စည်းရုံးညှိနှိုင်းလှုံ့ဆော်ရေးအတွက် လုံလောက်သည့်သတင်းအချက်အလက်၊ အခြေအမြစ်များ ရရှိနိုင်မည်မဟုတ်ပေ။ သို့သော်လည်း ဇယားရုပ်ပြပုံဖြင့်တင်ပြထားသည့် ဤတွေ့ရှိချက်အနှစ်ချုပ်များကိုကြည့်ခြင်းအားဖြင့် လူ့အခွင့်အရေးကောင်စီ၏ အစည်းအဝေးအမျိုးမျိုးတို့တစ်လျှောက် မတူညီသောနိုင်ငံများမှ ကြားဝင်အရေးဆိုမှုများအပေါ် စနစ်တကျ၊ ဘက်စုံ စိတ်ဖြာသုံးသပ်ချက်မှတဆင့်ပေးသည့် တစ်မူထူးခြားသော ဒေတာအချက်အလက်ကိုရရှိနိုင်ပြီး ယင်းအချက်အလက်ကိုအသုံးပြု၍ ပြည်တွင်း၊ ဒေသတွင်း နှင့် နိုင်ငံတကာအဆင့်များတွင် စည်းရုံးညှိနှိုင်းလှုံ့ဆော်ရေးလုပ်ငန်းများအတွက် အထောက်အကူပြုမည့် အသုံးဝင်သော သတင်းအချက်အလက်များနှင့် အကြောင်းအရာလားရာသဏ္ဌာန်များကို တွေ့ရှိနိုင်ပါမည်။

တွေ့ရှိချက်များသည်လည်း - ၁) လူ့အခွင့်အရေးကောင်စီအတွင်း မြန်မာနိုင်ငံအကြောင်း မတူညီသောနိုင်ငံအမျိုးမျိုးတို့၏ အမူအကျင့်များအား နားလည်ရန်၊ ၂) လူ့အခွင့်အရေးကောင်စီတွင်ဆွေးနွေးချက်များသည် မြေပြင်တွင်ဖြစ်ပေါ်နေသော အခြေအနေရပ်များအား စနစ်တကျ ထင်ဟပ်ခြင်းရှိ/မရှိ ဆန်းစစ်ရန် နှင့် ၃) လူ့အခွင့်အရေးကောင်စီအနေဖြင့် ပို၍ ထိရောက်ပြီး ပြတ်သားသည့် အရေးယူဆောင်ရွက်

ချက်များလုပ်ဆောင်နိုင်ရန်အတွက် စည်းရုံးရေး ပစ်မှတ်များနှင့် ဦးစားပေးအကြောင်းအရာများကို ရှာဖွေဖော်ထုတ်ရန် - အမျိုးမျိုးသော ဆက်စပ်သက်ဆိုင်သူများအတွက် အခရာကျသည့် လမ်းညွှန်ချက်တစ်ရပ်ကို ပေးအပ်ပေးပါသည်။ ကမ္ဘာတစ်ဝှမ်းမှ မတူညီသော နိုင်ငံအမျိုးမျိုးတို့မှ ရှုတ်ချကြောင်းနှင့် စိုးရိမ်ကြောင်း ဖော်ပြနေသော်လည်း အချို့နိုင်ငံများမှ ဆက်လက် နှုတ်ဆိတ်မြဲဆိတ်နေကြသည်မှာအထူး ဝမ်းနည်းဖွယ်ရာပင်ဖြစ်သည်။ အလားတူပင် အရေးယူဆောင်ရွက်ရန်တိုက်တွန်းမှုများသည်လည်း နိုင်ငံများအကြား သိသာထင်ရှားစွာ ကွာဟမှုများရှိနေသည်။ လူ့အခွင့်အရေးကောင်စီအပြင် တစ်ကမ္ဘာလုံးမှလူမှုအသိုင်းအဝိုင်းတစ်ရပ်လုံးအနေဖြင့် ပြတ်သားသောအရေးယူဆောင်ရွက်ချက်များ ချမှတ်လုပ်ဆောင်နိုင်ရန်နှင့် မြန်မာနိုင်ငံအတွင်းရှိ အခြေအနေရပ်များအား ပြောင်းလဲမှုများဆောင်ကျဉ်းနိုင်ရန် ကမ္ဘာ့ကုသလမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ ကုလသမဂ္ဂ အထူး လုပ်ထုံးလုပ်နည်းယန္တရားများ၊ အရပ်ဘက်လူထုနှင့် အခြား ပါဝင်သက်ဆိုင်သူများအကြား ပူးပေါင်းဆောင်ရွက်မှု ပို၍အားကောင်းအောင်လုပ်ဆောင်ကြရမည် ဖြစ်ပါသည်။